

fka CHILDREN'S SERVICES INC

# မူလတန်းအကြို ကျောင်းများတွင် ကစားရင်း သင်ယူခြင်း

BURMESE

## ကစားခြင်းဆိုတာ ဘာလဲ။

ကလေးများသည် အဓိပ္ပာယ်ရှိသော ကစားခြင်းကို အခြေခံသည့် အတွေ့အကြုံများတွင် ပါဝင်ရင်း သင်ယူလေ့လာပြီး ဖွံ့ဖြိုးတိုးတက်ကြသည်ဟု ကမ္ဘာတစ်ဝန်းရှိ လေ့လာမှုများက ပြသကြသည်။

*"ကစားခြင်းသည် ကလေးများ၏ အသိဉာဏ်၊ ကိုယ်ကာယ၊ လူမှုရေးနှင့် ဖန်တီးမှု စွမ်းရည် အမျိုးမျိုးကို လှုံ့ဆော်ရန်နှင့် ပေါင်းစပ်ပါဝင်စေရန် မရှိမဖြစ် လိုအပ်သည်။ ထိရောက်သော မူလတန်းအကြို အလေ့အကျင့်များတွင် ကလေးများနှင့် တုံ့ပြန်ပြောဆိုမှုများကို ရေရှည်ထိန်းသိမ်းရန်နှင့် မျှဝေနိုင်ရန် ပံ့ပိုးရာ၌ ပေါင်းစပ်ထားသော သင်ကြားနည်းများနှင့် သင်ယူနည်းများကို အသုံးပြုသည်။ ကလေးများသည် ကစားခြင်းနှင့် အခြားအခွင့်အရေးများမှတစ်ဆင့် လူမှုရေးနှင့် သဘာဝ လောက၊ လူများ၊ နေရာများ၊ အရာဝတ္ထုများနှင့် နေ့စဉ် ကြုံတွေ့ရသော အတွေ့အကြုံများကို နားလည်ပြီး စိတ်ကူးများ ရရှိစေရန် သင်ယူသည်။"*

- VEYLDF, 2016, pg. 14

ကစားခြင်းသည် သင့်ကလေး၏ သဘာဝ လုပ်ဆောင်ချက် ဖြစ်ပြီး သူတို့၏ လေ့လာသင်ယူခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ခြင်း၏ အရေးကြီး အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ ကစားခြင်းဖြင့် သင့်ကလေးသည် သူတို့၏ ကမ္ဘာကို နားလည်လာပြီး မိမိကိုယ်တိုင် မည်သူမည်ဝါဖြစ်သည်ဆိုသော အသိကို ခိုင်မာလာစေမည် ဖြစ်သည်။ ကစားခြင်းဖြင့် သင့်ကလေးသည် စိတ်ကူးယဉ်ခြင်း၊ ဟန်ဆောင်ခြင်း၊ ဖန်တီးခြင်း၊ စူးစမ်းလေ့လာ၊ စုံစမ်းခြင်း၊ ဆက်သွယ်ခြင်း၊ မေးမြန်းခြင်း၊ စကားပြောခြင်း၊ နားထောင်ခြင်း၊ စဉ်းစားခြင်း၊ ခံစားခြင်း၊ ထိတွေ့ခြင်းနှင့် အနံ့ခံခြင်းတို့ကို ပြုလုပ်နိုင်သည်။ ကစားခြင်းတွင် ညှိနှိုင်းခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ စွန့်စားခြင်း၊ အသစ်များကို စမ်းကြည့်ခြင်းနှင့် မည်သို့အလုပ်ဖြစ်ကြောင်း ကြည့်ခြင်းတို့ ပါဝင်သည်။ သင့်ကလေးသည် သူတို့ကိုယ်တိုင်နှင့် အခြားသူများအကြောင်း လေ့လာခြင်း၊ ကစားရာတွင် စည်းကမ်းများကို သင်ယူခြင်း၊ မိတ်ဆွေဖွဲ့ခြင်း၊ ဆက်ဆံရေးတည်ဆောက်ခြင်းအပြင် သူတို့၏ ဆရာများနှင့် အခြားကလေးများ အပါအဝင် သူတို့အနီးရှိ လူများကို ယုံကြည်ခြင်းတို့ ဖြစ်လာပါမည်။

ကလေးများသည် တစ်ခါတစ်ရံ တစ်ယောက်တည်းကစားခြင်း၊ အခြားကလေး တစ်ယောက် သို့မဟုတ် နှစ်ယောက်နှင့် ကစားခြင်းအပြင် ကလေးငယ်များ ပါဝင်သော အုပ်စုအကြီး သို့မဟုတ် အသေးတွင် ကစားခြင်းတို့ ပြုလုပ်နိုင်သည်။ ကစားခြင်းသည် ဆူညံနိုင်သည် သို့မဟုတ် တိတ်ဆိတ်နိုင်သည်၊ ငြိမ်သက်နိုင်သည် သို့မဟုတ် လှုပ်ရှားနိုင်သည်။

*"ကြားဖြတ်နှောင့်ယှက်ခြင်းမခံရသော ကစားချိန်များ ရခြင်းဖြင့် ကလေးများသည် ဘက်စုံအသုံးပြုနိုင်သော ပစ္စည်းများနှင့် ရင်းမြစ်အမျိုးမျိုးကို အသုံးပြု၍ တီထွင်ဖန်တီးခြင်း၊ စုံစမ်းခြင်းနှင့် ရှာဖွေခြင်းတို့ ပြုလုပ်နိုင်သည်။"*

- VEYLDF, 2016, pg. 21

## ကစားရင်း သင်ယူခြင်း

ဆရာများနှင့် ပညာသင်ကြားသူဆရာ၊ ဆရာမများသည် ဝန်ဆောင်မှု ရယူသည့် ကလေးတစ်ယောက်စီ၏ စိတ်ဝင်စားမှုများနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အစီအစဉ်တစ်ခုကို ရေးဆွဲသည်။ သူတို့သည် ကလေးငယ်များအနေနှင့် အဆောက်အအုံတွင်းနှင့် အဆောက်အအုံပြင်ပရှိ နေရာများအကြား လွတ်လပ်စွာ ရွှေ့လျားသွားလာနိုင်မည့် လွတ်လပ်စွာ သင်ယူနိုင်သော ပတ်ဝန်းကျင်တွင် ကစားခြင်းကို အခြေခံသည့် အတွေ့အကြုံအမျိုးမျိုးဖြင့် ပံ့ပိုး၍ လုပ်ဆောင်သည်။

တေးဂီတ၊ ပုံပြင်များနှင့် ဆွေးနွေးမှုကဲ့သို့ လမ်းညွှန်ချက်ပါသော တရားဝင် လှုပ်ရှားမှုအချို့ ရှိပါမည်။ နေ့ခင်းပိုင်းတွင် အများအားဖြင့် ကလေးများသည် သူတို့ ဘယ်နေရာတွင် ကစားမည်၊ ဘယ်သူနှင့် ကစားမည်၊ ကစားနည်းတစ်ခုကို ဘယ်လောက်ကြာ ကစားမည်တို့နှင့် ပတ်သက်၍ ကိုယ်တိုင် ဆုံးဖြတ်ကြပါမည်။ ကလေးများ အကူအညီ လိုအပ်ချိန်တွင် ဆရာ၊ ဆရာမများက ပံ့ပိုးမှုနှင့် လမ်းညွှန်မှု ပေးပါမည်။

ဆရာ၊ ဆရာမများက ကလေးများအနေနှင့် သင်ယူခြင်းကို နှစ်သက်လာစေရန်၊ စူးစမ်းလိုစိတ် ရှိရန်၊ လေ့လာလိုစိတ် ရှိရန်နှင့် သူတို့၏ ကမ္ဘာနှင့် သူတို့ တွေ့ဆုံသော လူများအပေါ် စိတ်ဝင်စားမှု ရှိစေရန်အတွက် သင်ကြားရေး မဟာဗျူဟာ အမျိုးမျိုးကို အသုံးပြု၍ ကလေးများကို ပံ့ပိုးပါမည်။ သူတို့သည် ကစားရာတွင် လမ်းညွှန်ခြင်း၊ ကစားရာတွင် ဦးဆောင်ခြင်း၊ သို့မဟုတ် ကိုယ်တိုင် စိတ်ကြိုက် ကစားနေသော ကလေးများကို စောင့်ကြည့်ခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

## ကလေးများသည် ကစားနေစဉ် ဘာကို သင်ယူသလဲ။

ကစားခြင်းဖြင့် ကလေးများသည် စကားပြောရန်နှင့် မေးခွန်းများ မေးရန်၊ ဝေါဟာရနှင့် ဘာသာစကား၊ စာတတ်မြောက်မှု၊ ဂဏန်းသင်္ချာ တတ်မြောက်မှုနှင့် လူမှုဆက်ဆံရေး စွမ်းရည်များ တိုးတက်ပြီး အသုံးချနိုင်ရန် အခွင့်အရေးများ ရရှိပါသည်။ ကလေးများသည် ကစားခြင်းဖြင့် အခြားသူများနှင့် မည်သို့ ဆက်သွယ်ပြီး ဆက်စပ်ရမည်ကို သင်ယူနေခြင်း ဖြစ်သည်။

ကလေးများသည် သူတို့ လေ့လာထားသော အရာကို ပြုလုပ်ဟန်ဆောင်ဖို့ သူတို့၏ စိတ်ကူးစိတ်သန်းကိုလည်း အသုံးပြုသည်၊ ဥပမာ-

- အစားအစာများ ပြင်ဆင်နေသည်ဟု ဟန်ဆောင်ခြင်း
- ကလေးငယ်ကို စောင့်ရှောက်ခြင်း
- မီးသတ်သမား၊ ဆရာဝန် သို့မဟုတ် ဆိုင်ရှင်အဖြစ် ဟန်ဆောင်ခြင်း။

ယင်းသည် ကလေးများအား သူတို့၏ ကမ္ဘာနှင့် သူတို့၏ အသိုက်အဝန်းကို နားလည်သဘောပေါက်လာရန် သင်ယူရာတွင် အထောက်အကူပြုပါသည်။

*"သရုပ်ဆောင် ကစားခြင်းသည် ကမ္ဘာ့အသိုက်အဝန်းများနှင့် သက်ဆိုင်ကြောင်း ခံယူချက် အပါအဝင် မတူညီသော ကိုယ်ပိုင်အမှတ်လက္ခဏာများနှင့် ရှုထောင့်များကို လေ့လာရာတွင် အရေးပါသည်။ ကလေးများအား လူတစ်ဦးစီနှင့် အုပ်စုများအကြား တူညီမှုများနှင့် ခြားနားမှုများကို တန်ဖိုးထားရန်နှင့် မတူညီသော အမြင်များကို လေးစားရန် ပံ့ပိုးပေးသင့်သည်။"*

- VEYLDF, 2016, pg. 18

သင့်ကလေးသည် ကစားနေစဉ် အခြားသူများက လက်ခံနိုင်သော အပြုအမူများကို သင်ယူရာတွင် အကူအညီရရန်အတွက် စည်းကမ်းများကို ညှိနှိုင်းပါမည်။ ဥပမာ- ကလေးများသည် ဒန်းစီးရာတွင် သူတို့အလှည့်ကို စောင့်ရန် စည်းကမ်းများ သတ်မှတ်နိုင်သည်။ ကလေးများအား လူတိုင်း ဘေးကင်းစေရန်၊ ပစ္စည်းများကို ထိန်းသိမ်းရန်နှင့် မျှတမှုနှင့် တန်းတူဖြစ်မှု ရှိစေရန်အတွက် စည်းကမ်းများ သတ်မှတ်ရာတွင် ပါဝင်စေခြင်းဖြင့် သူတို့၏ စဉ်းစားနိုင်စွမ်းနှင့် ပြဿနာဖြေရှင်းနိုင်စွမ်းကို အထောက်အကူပြုမည့်အပြင် သူတို့၏ ဆက်သွယ်ရေးနှင့် လူမှုရေး စွမ်းရည်များ၊ ဂဏန်းသင်္ချာ တတ်မြောက်မှုနှင့် စာတတ်မြောက်မှု စွမ်းရည်များ တိုးတက်စေရန်လည်း ပံ့ပိုးရာရောက်ပါသည်။

ကစားနေစဉ် ကလေးများသည် သူတို့၏ ရှိပြီးသား အသိပညာနှင့် အကြံဉာဏ်များကို စိတ်ဝင်စားစရာကောင်းသော နည်းလမ်းအသစ်များဖြင့် တည်ဆောက်နိုင်ပါသည်။

ကလေးများသည် စွန့်စား၍ စွမ်းရည်များကို သင်ယူ၊ လေ့ကျင့်ရင်း အချို့သော လှုပ်ရှားမှုများကို ထပ်တလဲလဲ ပြုလုပ်နိုင်သည်၊ ဥပမာ-

- မြင့်သော နေရာသို့ သူတို့ကိုယ်တိုင် တက်ခြင်း
- ပုံဆက်သည့် ပဟေဠိကို ကျွမ်းကျင်အောင်လုပ်ခြင်း
- သူတို့၏ အဝတ် သို့မဟုတ် အနုပညာ ဝတ်ရုံကို ကိုယ်တိုင်ဝတ်ခြင်း
- ကျဉ်းမြောင်းသော တန်းပေါ်တွင် ဟန်ချက်ထိန်းခြင်း
- ကိုယ်တိုင် ကပ်ကြေးညှပ်ခြင်း
- ခြေတစ်ပေါင်ကျိုးခုန်ခြင်း
- ကိုယ်တိုင် ဒန်းလွှဲခြင်း။

ဤအောင်မြင်မှုများသည် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ကလေးများ၊ သူတို့၏ မိသားစုများနှင့် သူတို့သင်ယူရာတွင် ပံ့ပိုးပေးသော ဆရာ၊ ဆရာမများအတွက် အကျိုးရှိစေပါသည်။

ကစားခြင်းဖြင့် ကလေးများအား အောင်ပွဲခံရန်၊ အရယူရန်၊ အောင်မြင်ရန်၊ အမှားလုပ်ရန်၊ လေ့ကျင့်ရန်၊ အချက်အလက် သို့မဟုတ် စွမ်းရည် အသစ်များကို စမ်းသပ်ရန်၊ အမြင်ရှိလာစေရန်နှင့် စွမ်းရည်နှင့် အသိပညာ အသစ်တို့ကို ကျွမ်းကျင်ပိုင်နိုင်စေရန် အခွင့်အရေးများ ပေးသည်။

သင့်ကလေးသည် ကစားခြင်းဖြင့် သင်ယူပါသည်။

---


### ကိုးကားချက်များ

ပညာရေးနှင့် လေ့ကျင့်ရေးဌာန၊ 2016။ *ဗစ်တိုးရီးယားပြည်နယ်သူ၊ ပြည်နယ်သား မူလတန်းအကြို သင်ယူရေးနှင့် တိုးတက်ရေး မူဘောင် (Victorian Early Years Learning and Development Framework)*။